တိုင်းရင်းမြန်မာ ဆေးဆရာအဖွဲ့ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

တိုင်းရင်းမြန်မာ ဆေးဆရာအဖွဲ့ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[၁၉၈၇ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် ၈]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိုင်းရင်းမြန်မာ ဆေးဆရာအဖွဲ့ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းရင်းမြန်မာ ဆေးဆရာအဖွဲ့ အက်ဥပဒေပုဒ်မ ၂၈-က ပုဒ်မခွဲ (၁) တွင် ပါရှိသော "ပုဂ္ဂိုလ် ခုနစ်ဦး" ဆိုသည့် စကားရပ်ကို "ပုဂ္ဂိုလ် ခုနစ်ဦးမှ တစ်ဆယ့်ငါးဦးအထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ တိုင်းရင်းမြန်မာ ဆေးဆရာအဖွဲ့ အက်ဥပဒေပုဒ်မ ၂၈-က ပုဒ်မခွဲ (၁) ပုဒ်မခွဲငယ် (ခ) ကို အောက်ပါ ပုဒ်မခွဲငယ်ဖြင့် အစားထိုးရမည်—

(ခ) တိုင်းရင်းမြန်မာ ဆေးပညာကို စိတ်ပါ ဝင်စားသော သင့်လျော်သည့် ပုဂ္ဂိုလ် ငါးဦးမှ တစ်ဆယ့်သုံးဦးအထိ၊

၄။ တိုင်းရင်းမြန်မာ ဆေးဆရာအဖွဲ့ အက်ဥပဒေပုဒ်မ ၂၈-က ပုဒ်မခွဲ (၃) တွင် ပါရှိသော "အဖွဲ့ဝင်လေးဦး" ဆိုသည့်စကားရပ်ကို "အဖွဲ့ဝင် ထက်ဝက်ကျော်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။